# ဆွီဒင်နိုင်ငံဆိုင်ရာအချက်အလက်များ

၁။ ဆွီဒင်နိုင်ငံ (တရားဝင်အခေါ်အားဖြင့် ဆွီဒင်ဘုရင့်နိုင်ငံ) သည် မြောက်ဥရောပရှိ စကင်ဒီနေးဗီးယန်း ကျွန်းဆွယ်တွင်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဆွီဒင်နိုင်ငံသည် နော်ဝေနိုင်ငံ၊ ဖင်လန်နိုင်ငံတို့နှင့် နယ်နိမိတ်ခြင်း ထိစပ်လျှက်ရှိပြီး ဒိန်းမတ်နိုင်ငံနှင့် အိုရီဆန်ရေလက်ကြားမှတဆင့် တံတားဖြင့် ဆက်သွယ်ထားသည်။ အကျယ်အဝန်း ၄၅၀,၂၉၅ စတုရန်း ကီလိုမီတာ (၁၇၃,၈၆၀ စတုရန်းမိုင်) ရှိသဖြင့် ဆွီဒင်သည် ဥရောပသမဂ္ဂတွင် တတိယ အကြီးဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ ၉.၄ သန်း ရှိသည်။ ဆွီဒင်တွင် လူဦးရေ သိပ်သည်းမှု လျော့နည်းပြီး စတုရန်း ကီလိုမီတာ တစ်ကီလိုမီတာတွင် ၂၁ ယောက် ( ၁ စတုရန်းမိုင်လျှင် ၅၄ ယောက်) မျှသာ နေထိုင်သည်။ လူဦးရေသိပ်သည်းမှုသည် နိုင်ငံ၏ တောင်ဘက်ခြမ်းတွင် ပို၍များသည်။ ၈၅ ရာခိုင်နှုန်းသည် မြို့ပြဒေသတွင် နေထိုင်ကြသည်။ ဆွီဒင်၏ မြို့တော်ဖြစ်သော စတော့ဟုမ်းမြို့တွင် လူဦးရေ ၁.၃ သန်းရှိပြီး ဆွီဒင်၏ အကြီးဆုံးမြို့လည်းဖြစ်သည်။ ထူးခြားချက်မှာ မြောက်ဘက်ဒေသများတွင်နွေရာသီ၌ တစ်လလုံးနေမဝင်ဘဲရှိတတ်ပြီး ကျန်ဒေသများတွင် နွေရာသီတွင် တစ်နေ့လျှင် ၂ နာရီ၊ ၃ နာရီခန့်မျှသာမှောင်၍ဆောင်းရာသီ ၌မူ တစ်နေ့လျှင် ၂ နာရီ၊ ၃ နာရီမျှ သာ အလင်းရောင်ရရှိသည်။



## နောက်ခံသမိုင်း

၂။ ဆွီဒင်နိုင်ငံသည် ၁၃၉၇ ခုနှစ်က နော်ဝေး၊ဒိန်းမတ်တို့နှင့် ပူးပေါင်းခဲ့သည်။ ထို့နောက် ၁၅၂၄ ခုနှစ်တွင် ဂူးစတားဗတ်ဗာဆာခေါင်းဆောင် ကာဒိန်းလူမျိုးတို့ကို ပုန်ကန်၍ လွတ်လပ်သောနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ ၁၇ရာစုအစပိုင်းတွင် အင်အားကြီးသော ဥရောပနိုင်ငံကြီးတစ်နိုင်ငံ ဖြစ်လာသည်။ နှစ်(၃၀)စစ်ပွဲတွင် ဂျာမနီ နယ်အများအပြားအားသိမ်းပိုက်ခဲ့သည်။ သို့ရာတွင် ၁၇၀၉ ခုနှစ်တွင် ၁၂ဆက်မြောက် ချားလ်ဘုရင်သည် ရုရှားနိုင်ငံတောင်ပိုင်းတွင် ပီတာဘုရင်နှင့်တိုက်ခိုက်ရာ စစ်ရေးရှုံးနိမ့်ပြီး ဆွီဒင်နိုင်ငံသည် အင်အားနည်းသွားရသည်။ ဆွီဒင်ပိုင်နယ်မြေများလည်း တဖြည်းဖြည်း ဆုံးရှုံးခဲ့သည်။ ၁၈၀၇-၁၈၀၉ ခုနှစ်တွင် ရုရှားနှင့်စစ်ဖြစ်ရာ ရှုံးနိမ့်ခဲ့ပြီး ဖင်လန်အား ရုရှားထံသို့ ပေးအပ်ခဲ့ရသည်။

၃။ ဆွီဒင်နိုင်ငံအနေဖြင့်နောက်ဆုံးပါဝင်ခဲ့သောစစ်ပွဲမှာ ၁၈၁၄ ခုနှစ်တွင်ဖြစ်ပြီး နော်ဝေးကိုတိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ သို့သော် ၁၉၀၅ခုနှစ်တွင် နော်ဝေးသည် ဆွီဒင်မှ ခွဲထွက်ခဲ့သည်။ ဆွီဒင်နိုင်ငံသည်ကမ္ဘာစစ်ကြီးများအတွင်း ကြားနေအဖြစ်ရှိခဲ့သည်။ ထိုအချိန်မှစ၍ ဆွီဒင်သည် ငြိမ်းချမ်းသောနိုင်ငံဖြစ်ခဲ့ပြီး ဘက်မလိုက်ဝါဒကို ကျင့်သုံးခဲ့သည်။

၄။ ဆွီဒင်သည် ဥရောပသမဂ္ဂသို့ ၁၉၉၅ ခုနှစ်တွင်ဝင်ရောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် Lisbon စာချုပ်ကိုချုပ်ဆိုခဲ့သည်။ ဆွီဒင်သည် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအတွက် နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့် တစ်ခါ တစ်ရံ စစ်ရေး လေ့ကျင့်သည်မှ အပဘက်မလိုက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ဆွီဒင်သည် ဥရောပသမဂ္ဂ ဥက္ကဋ္ဌ အဖြစ် ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၁ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၅။ ဆွီဒင်လူမျိုး သံတမန်၊ စီးပွားရေးလုပ်ငန်းရှင်နှင့် စာရေးဆရာဖြစ်သည့် ဒက်ဟမ်းမာရှိုးသည် ဒုတိယမြောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒက်ဟမ်းမားရှိုးသည် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် ၁၉၅၃ ခုနှစ်မှ လေယာဉ်ပျက်ကျသေဆုံးသည့် ၁၉၆၁ခုနှစ်၊ စက်တင်ဘာလ အထိတာဝန်ထမ်းဆောင်ခဲ့သည်။ ၄င်းသည် သေလွန်ပြီးမှ ငြိမ်းချမ်း

ရေး နိုဗယ်ဆုချီးမြှင့်ခံရသည့် တစ်ဦးတည်းသောပုဂ္ဂိုလ်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးအတွက် စေ့စပ်ဆွေးနွေးရန် အသွားခရီးတွင် လေယာဉ်ပျက်ကျ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က အမေရိကန်သမ္မတဖြစ်သူ ဂျွန်အက်ဖ်ကနေဒီက ရာစုနှစ်၏ အထူးချွန်ဆုံးနိုင်ငံရေးသမားအဖြစ် ချီးကျူးခဲ့သည်။

၆။ ဆွီဒင်၏အခြားထင်ရှားသောပုဂ္ဂိုလ်မှာ အဲလ်ဖရက်နိုဗယ်(၁၈၃၃-၁၈၉၆) ဖြစ်သည်။ ၄င်းသည် ဓာတုဗေဒပညာရှင်၊ အင်ဂျင်နီယာ၊ တီထွင်သူဖြစ်ပြီး ဒိုင်းနမိုက်ကို တီထွင်သူအနေနှင့်လည်းကောင်း၊ နိုဗယ်ဆုအား စတင်သူအဖြစ်လည်းကောင်း ကျော်ကြားသူဖြစ်သည်။ ၄င်းသည်ဒိုင်းနမိုက်လုပ်ငန်းဖြင့် ကြီးပွားလာခဲ့ရာ ကမ္ဘာတွင် အကြွယ်ဝဆုံးပုဂ္ဂိုလ်များ အနက်တစ်ဦးအပါအဝင်ဖြစ်သည်။ ကမ္ဘာအနှံ့အပြားတွင် ဒိုင်းနမိုက်စက်ရုံများနှင့် ခဲယမ်းမီးကျောက်စက်ရုံများအား တည်ဆောက်ခဲ့သည်။ တီထွင်စဉ်ကမူ လူသားတို့အကျိုးအတွက် ရည်စူးကာတီထွင်ခဲ့သော်လည်း စစ်ပွဲများတွင် ဒိုင်းနမိုက်အားအသုံးပြုလာကြသဖြင့် မနှစ်မြို့ခြင်းဖြစ်လာပြီး သူ၏သေတမ်းစာတွင် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၉သန်းအားသီးသန့်ထား၍ နှစ်စဉ်ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ဆောင်ရွက်သူ၊ ထူးချွန်သောစာပေပညာရှင်၊ ရူပဗေဒပညာရှင်၊ ဓာတုဗေဒပညာရှင်၊ ဆေးပညာနှင့်ဇီဝဗေဒပညာရှင်များအား ဆုချီးမြှင့်ရန် လျာထားခဲ့သည်။ အဲလ်ဖရက်နိုဗယ်သည် ၁၈၉၆ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အီတလီနိုင်ငံ၊ ဆန်ရီမိုမြို့တွင် ကွယ်လွန်ခဲ့သည်။



**အဲလ်ဖရက်နိုဗယ်**

## အစိုးရနှင့်နိုင်ငံရေး

၇။ ဆွီဒင်နိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသောနိုင်ငံဖြစ်၍ ဘုရင်သည် နိုင်ငံတော်၏အကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲဖြစ်သည်။ ဆွီဒင်အစိုးရ(Regeringen)သည် အုပ်ချုပ်ရေးအာဏာရှိသည်။ လက်ရှိဘုရင်မှာ Carl XVI Gustaf ဖြစ်ပြီး ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် နန်းတက်ခဲ့သည်။ ဝန်ကြီးချုပ်မှာ Stefan Lofven ဖြစ်ပြီး ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှ ယခုအချိန်အထိတာဝန်ထမ်းဆောင်ဆဲ ဖြစ်သည်။ ဆွီဒင်နိုင်ငံ၏ထူးခြားချက်မှာ ဘုရင်သည် နိုင်ငံတော်၏အကြီးအကဲဖြစ်သော်လည်း အခမ်းအနားများတက်ရောက်ခြင်း နှင့် ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်တစ်ဦးအဖြစ်သာ သတ်မှတ်ထားပြီး လိုအပ်ပါက လွှတ်တော်အနေဖြင့် မင်းမျိုးမဟုတ်သော ပြင်ပ ပုဂ္ဂိုလ်တစ်ဦးအား ဘုရင်အဖြစ်တင်မြှောက်နိုင်သည်။ သာဓကအနေဖြင့် ၁၈၁၀ ပြည့်နှစ်တွင်သားသမီးမရှိသောဘုရင် Charles XIII ကွယ်လွန်ချိန်တွင် ပြင်သစ်ဗိုလ်ချုပ်ကြီးဟောင်းဖြစ်သူ Jean Bernadotte အားအိမ်ရှေ့မင်းသားအဖြစ်တင်မြှောက်ခဲ့ပြီး နောက်ပိုင်းတွင် Charles XIV John of Sweden အဖြစ်နန်းတက်ခဲ့သည်။



**ဆွီဒင်ဘုရင် Carl XVI Gustaf**

၈။ ဥပဒေပြုရေးအပိုင်းတွင် ဆွီဒင်လွှတ်တော်(Riksdagen)အား လွှတ်တော်တစ်ရပ်ဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော်ကိုယ်စားလှယ် ၃၄၉ဦးအနက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၅၂ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၄၃.၅၅ ရာခိုင်နှုန်းဖြစ်ရာ ကမ္ဘာပေါ်တွင်အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်အများဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ကိုယ်စားလှယ်အားလုံးသည် တိုက်ရိုက်ရွေးကောက်ခံကိုယ်စားလှယ်များဖြစ်သည်။ အထွေထွေရွေးကောက်ပွဲကို ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် နောက်ဆုံးကျင်းပခဲ့ပြီး လွှတ်တော်သက်တမ်းမှာ (၄)နှစ်ဖြစ်သည်။ အထွေထွေရွေးကောက်ပွဲကို ၄ နှစ်တကြိမ် စက်တင်ဘာလ ၊ဒုတိယအပတ် တနင်္ဂနွေနေ့တွင် ကျင်းပလေ့ရှိသည်။

**စီးပွားရေး**

၉။ ဆွီဒင်နိုင်ငံသည် ကမ္ဘာပေါ်တွင်တစ်ဦးချင်းဝင်ငွေသတ္တုမဖြောက်အများဆုံးနိုင်ငံဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်စစ်တမ်းအရ ဆွီဒင်နိုင်ငံ၏စီးပွားရေးသည် ပြည်ပပို့ကုန်စီးပွားရေး (Export Oriented Economy) ဖြစ်သည်။ ကျွန်း၊ ရေအားလျှပ်စစ်နှင့် သံသတ္တုရိုင်းတို့သည်အဓိကပြည်ပပို့ကုန် သယံဇာတများဖြစ်သည်။ စက်မှုထုတ်ကုန်အနေဖြင့် စက်တပ်ယာဉ်များ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ စက်ရုံသုံးပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ သစ်တောထွက်ကုန်များ၊ သံနှင့်သံမဏိတို့ဖြစ်သည်။ အခြားအဓိကပြည်ပပို့ကုန်မှာ လက်နက်တင်ပို့ရောင်းချမှုဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့အဆင့် (၁၂) လက်နက်တင်ပို့ ရောင်းချသည့် နိုင်ငံဖြစ်သည်။ ကမ္ဘာ့လက်နက်ဈေးကွက်၏ ၁၅ ရာခိုင်နှုန်းကို ရယူထားသည်။ နိုင်ငံတွင်းစက်ရုံများနှင့် သဘာဝအရင်းအမြစ်များ၏ ၉၀ ရာခိုင်နှုန်းမှာ ပုဂ္ဂလိကပိုင်ဖြစ်ပြီး ၅ရာခိုင်နှုန်းမှာ အစိုးရနှင့် ကျန် ၅ရာခိုင်နှုန်းမှာ စားသုံးသူနှင့် ထုတ်လုပ်သူတို့ပူးပေါင်းပိုင်ဆိုင်ကြသည်။

၁၀။ သွင်းကုန်များမှာ စက်ပစ္စည်း၊ ရေနံနှင့်ရေနံထွက်ကုန်များ၊ ဓာတုပစ္စည်း၊ စက်တပ်ယာဉ်များ၊ အစားအသောက်နှင့် အဝတ်အထည်တို့ဖြစ်သည်။ ဆွီဒင်နိုင်ငံသည် ဒုတိယကမ္ဘာစစ်တွင်ထဲထဲဝင်ဝင်ပါဝင်ခဲ့ခြင်းမရှိဘဲ ကြားနေနိုင်ငံအဖြစ်သာရပ်တည်ခဲ့သဖြင့် အခြားဥရောပနိုင်ငံများကဲ့သို့ စီးပွားရေးအခြေခံအဆောက်အဦများ၊ အခြားအခြေခံအဆောက်အဦများကိုပြန်လည်တည်ဆောက်ရန်မလိုသဖြင့် စီးပွားရေး

တိုးတက်မှုနှုန်းကောင်းမွန်ခဲ့သည်။ နိုင်ငံ၏စုစုပေါင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၀.၅၅ထရီလီယံဖြစ်ပြီး၊ တိုးတက်မှုနှုန်းမှာ ၃.၉ ရာခိုင်နှုန်းဖြစ်သည်။ တစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၁,၀၀၀ဖြစ်သည်။ အလုပ်လက်မဲ့နှုန်းမှာ ၇.၀ ရာခိုင်နှုန်းဖြစ်သည်။

## လူမှုရေး

၁၁။ ဆွီဒင်နိုင်ငံကို ခရိုင်၂၁ခု၊ မြူနီစီပယ်နယ်မြေ၂၉၀ ဖြင့်ဖွဲ့စည်းထားသည်။ အဓိကနေထိုင်သည့်လူမျိုးများမှာ ဆွီဒစ်ရှ်လူမျိုးများဖြစ်ပြီး ဖင်လန်လူမျိုးများ၊ ယူဂိုဆလပ်လူမျိုးများ၊ ဒိန်းလူမျိုးများ၊ နော်ဝေလူမျိုးများ၊ ဂရိလူမျိုးများနှင့် တူရကီလူမျိုးများလည်းနေထိုင်ကြသည်။ ရုံးသုံးဘာသာစကားမှာ ဆွီဒင်ဘာသာစကားဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားကိုလည်းသုံးစွဲကြသည်။ ဆွီဒင်ရှိ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများသည် အင်္ဂလိပ်ဘာသာစကားကိုသာ သုံးစွဲကြပြီး တက္ကသိုလ်များတွင်လည်း အင်္ဂလိပ်ဘာသာစကားဖြင့်သာသင်ကြားသည်။ ဆွီဒင်ဘာသာအပြင် ဖင်လန်၊ ဆာဘို-ခရိုအေးရှား၊ အာရေဗျ၊ကာဒ့်၊ စပိန်၊ဂျာမန်နှင့် ဖာရစီဘာသာစကားများကိုလည်းသုံးစွဲကြပါသည်။

၁၂။ ကိုးကွယ်မှုအနေဖြင့် နိုင်ငံလူဦးရေ၏ ၄၂ ရာခိုင်နှုန်းသည် ပရိုတက်စတင့်ဘာသာ၊ ၁ ရာခိုင်နှုန်းသည် အော်သိုဒေါ့စ်ဘာသာ၊ ၂ ရာခိုင်နှုန်းသည် ကတ်သိုလစ်ဘာသာ၊ ၉ ရာခိုင်နှုန်းသည် အခြားခရစ်ယာန်ဘာသာဝင်များ ၊ ၁ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာ၊ ၃ ရာခိုင်နှုန်းသည် အခြားဘာသာနှင့် ၃၀ ရာခိုင်နှုန်းသည် ဘာသာမဲ့များဖြစ်သည်။

## မြန်မာနှင့်ဆွီဒင်ဆက်ဆံရေး

၁၃။ ဆွီဒင်-မြန်မာ နှစ်နိုင်ငံကြားဆက်ဆံရေးမှာ ၁၉၅၅ခုနှစ်ကတည်းက စတင်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံရုံး၏ရုံးခွဲကို ၂၀၁၄ခုနှစ်၊ ဇွန်လ ၆ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံအမတ်ကြီးမှာ Mr. Klas Molin ဖြစ်ပါသည်။

၁၄။ ဆွီဒင်နိုင်ငံ ဝန်ကြီးချုပ် Fredrik Reinfeldt နှင့် ကုန်သွယ်ရေးဝန်ကြီး Ewa Bjorling တို့သည် ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၁၂-၁၃ရက်တွင်လည်းကောင်း၊ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး Ms. Isabella Lovin သည် ၂၀၁၆ခုနှစ်၊ ဧပြီလတွင်လည်းကောင်း အလည်အပတ် လာရောက်ခဲ့ပါသည်။ စီးပွားရေးရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဆွီဒင်နိုင်ငံထုတ် Scania မော်တော်ကားကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ထရပ်ကားနှင့် ဘတ်စ်ကားများ စတင်ရောင်းချရန် ကြေညာခဲ့ပြီး မြန်မာနိုင်ငံအား အဓိကဈေးကွက်ဖြစ်လာရန် မျှော်လင့်လျက်ရှိကာ ဆက်သွယ်ရေးကုမ္ပဏီဖြစ်သည့် Ericsson သည်လည်း ၂၀၁၂ခုနှစ်၊ ဇွန်လတွင် ပထမဆုံးရုံးခွဲကို ဖွင့်လှစ်ခဲ့ပါသည်။

# ဆွီဒင်နိုင်ငံ၊ Riksdag လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlin ၏ ကိုယ်ရေးအကျဉ်း



အာဘန် ခရစ်ရှန် အာလင်း (Urban Christian Ahlin) ကို ၁၉၆၄ခုနှစ်၊ နိုဝင်ဘာလ၊ ၁၃ရက်နေ့တွင် Mariestad, Skaraborg County၊ ဆွီဒင်နိုင်ငံ၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည် ဆွီဒင်ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးသမား ဖြစ်ပြီး ၂၀၁၄ခုနှစ်မှစ၍ ရစ်ခ်စ်ဒက် (Riksdag) ၏ လွှတ်တော်ဥက္ကဋ္ဌလည်း ဖြစ်သည်။ ၁၉၉၄ခုနှစ်မှစ၍ Västra Götaland County East မဲဆန္ဒနယ်ကိုယ်စားပြု ဆွီဒင် ပါလီမန်၏ကိုယ်စားလှယ်ဖြစ်သည်။ ၎င်းသည် ယခင်က ဆိုရှယ်ဒီမိုကရက်တစ်ပါတီ ၏ နိုင်ငံခြားရေးမူဝါဒ ဆိုင်ရာပြောရေးဆိုခွင့်ရှိသူဖြစ်သည်။

၎င်းသည် ၁၉၈၁ခုနှစ်မှ ၁၉၈၂ခုနှစ်ထိနှင့် ၁၉၈၄ခုနှစ်မှ ၁၉၈၅ခုနှစ် ထိလည်းကောင်း Mariestadရှိ ဆွီဒင်ဆိုရှယ်ဒီမိုကရက်တစ်လူငယ်အဖွဲ့ချုပ်၊ မြို့တွင်း အဖွဲ့ခွဲ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၈၅ခုနှစ်နှင့် ၁၉၉၀ခုနှစ်ကြားတွင် Skaraborg Countyရှိ ဆွီဒင်ဆိုရှယ်ဒီမိုကရက်တစ်လူငယ်ပါတီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်မှ ၁၉၉၈ခုနှစ်အတွင်းတွင် Mariestad, Skaraborg County ရှိ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၉၉ခုနှစ်မှ ၂၀၀၂ခုနှစ်ကြားတွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ ဒုတိယအတွင်း ရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၀၅ခုနှစ်မှစ၍

Skaraborg Countyရှိ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

၁၉၈၅ခုနှစ်မှ ၁၉၉၀ခုနှစ်အတွင်းတွင် ၎င်းသည် အထူးဆရာဖြစ်သင်တန်းအား Karlstad တက္ကသိုလ်တွင် တက်ရောက်သင်ယူခဲ့ပါသည်။ ထို့နောက်တွင် ၎င်းသည် ၁၉၉၄ခုနှစ် ဆွီဒင်ပါလီမန်တွင် ရွေးကောက်တင်မြှောက်ခြင်းမခံရသေးခင်အချိန်အထိ Mariestadရှိ မူလတန်းကျောင်းတွင် သင်္ချာဘာသာရပ်နှင့် အထွေထွေသိပ္ပံဘာသာရပ်များသင်ကြားသည့် ဆရာအဖြစ် လုပ်ဆောင်ခဲ့ပါသည်။

၂၀၀၂ခုနှစ်နှင့် ၂၀၀၆ခုနှစ်ကြားတွင် ၎င်းသည် ဆွီဒင်ပါလီမန်ရှိ နိုင်ငံခြားရေးရာကော်မတီ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၆ခုနှစ်ရွေးကောက်ပွဲတွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ အာဏာဆုံးရှုံးပြီးနောက် ၂၀၀၆ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ နိုင်ငံခြားရေးရာကော်မတီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုကာလအတောအတွင်းတွင် ၎င်းသည် ဆွီဒင်ပါလီမန်ရှိ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပြောရေး ဆိုခွင့်ရှိသူအဖြစ်လုပ်ဆောင်ခဲ့သည်။ ၎င်းသည် ပါလီမန် အတွင်းတွင် ရာထူးနေရာ အမျိုးမျိုး၌ တာဝန်ထမ်းဆောင်ခဲ့သည်။၎င်းသည် နိုင်ငံခြားရေးရာဆိုင်ရာ အကြံပေးကောင်စီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဥရောပသမဂ္ဂရေးရာဆိုင်ရာကော်မတီ၏အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ၎င်းသည် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ဘုတ်အဖွဲ့ဝင်တစ်ယောက်လည်း ဖြစ်ပါသည်။

၎င်းသည် OSCE PA (the Parliamentary Assembly of the Organization for Security and Co-operation in Europe) တွင် ဆိုရှယ်လစ်အုပ်စု၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ယခု လက်ရှိတွင်လည်း NATO Parliamentary Assembly တွင် ဆွီဒင် ကိုယ်စားလှယ်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ ၎င်းသည် ၂၀၁၄ခုနှစ် ရွေးကောက်ပွဲပြီးနောက် ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၂၉ရက်နေ့မှစ၍ ၂၀၁၄ခုနှစ်မှ ၂၀၁၈ခုနှစ်သက်တမ်းအတွက် ရခ်စ်ဒက်(Riksdag)၏ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ခံခဲ့ရပါသည်။ ၂၀၀၅ခုနှစ်တွင် ၎င်း၏နိုင်ငံတကာ

ဆက်ဆံရေးတိုးချဲ့လုပ်ဆောင်နိုင်ခဲ့မှု အတွက် လစ်သူယေးနီးယား နိုင်ငံ သမ္မတ အဒမ်ခုစ်(Adamkus) မှချီးမြှင့်သည့် Order for Merits to Lithuania အားလည်း ရရှိခဲ့ပါသည်။